“ပေါက်ဖော်ချစ်ကြည်ရေး”

# “ပေါက်ဖော်ချစ်ကြည်ရေး၊ တရုတ်မြန်မာကျောင်းသားကျောင်းသူ လက်ချင်းချိတ်ဆွဲအစီအစဉ်” ကိုစတင်ခဲ့

ဇွန်လ၂၂ရက်နေ့တွင် “ပေါက်ဖော်ချစ်ကြည်ရေး၊ တရုတ်မြန်မာကျောင်းသားကျောင်းသူ လက်ချင်းချိတ်တွဲ”အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့၊ အလုံမြို့နယ်အမှတ်(၄)အလယ်တန်းကျောင်း ခန်းမတွင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအခြေစိုက် တရုတ်သံရုံးသံမှူးယွီပြန်ကျန်း၊ တရုတ်လူမျိုးပရဟိတအသင်းချုပ် သတင်းထောက်များအသင်း အလုပ်အမှုဆောင်ဥက္ကဋ္ဌရှင်ရီရွှယ်၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်တိုင်းပညာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်မာဆွေနှင့် နယ်ပယ်အသီးသီးမှ မြန်မာတရုတ်ချစ်ကြည်ရေးလိုလားကြသူများ၊ ရန်ကုန်တိုင်းကျောင်းအသီးသီးမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူကိုယ်စားလှယ်များနှင့် ကျောင်းသားမိဘများကဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

သံမှူးယွီပြန်ကျန်းက အမှာစကားပြောကြားသည်မှာ- နှစ်နိုင်ငံခေါင်းဆောင်ကြီးများမှရရှိထားသော တူညီချက်ဖြစ်သည့် “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”အပြည်ပြည်ဆိုင်ရာအကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းကိုအကောင်အထည်ဖော်ဆောင်ရန် တရုတ်မြန်မာနှစ်နိုင်ငံ “ပြည်သူ့စိတ်ချင်းနီးစပ်ခြင်း” လုပ်ငန်းကို ကောင်းမွန်စွာဆောင်ရွက်နေကြောင်း၊ “လက်ချင်းချိတ်တွဲ” အစီအစဉ်မှတဆင့် တရုတ်မြန်မာပြည် သူလူထုစိတ်ချင်းချိတ်ဆက်ရန် တက်တက်ကြွကြွဖြစ်ထွန်းစေပါကြောင်း၊ တရုတ်မြန်မာလူငယ်များအား ပေါက်ဖော်ချစ်ကြည်ရေးများဆက်ခံစေရန်လက်ချင်းချိတ်တွဲကာ နိုင်ငံတော်၏ အနာဂတ်နှင့်မျှော်လင့်ချက်များကို အတူဖန်တီးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

ယခုအကြိမ်လက်ချင်းချိတ်တွဲအစီအစဉ်ဖွင့်ပွဲအစီအစဉ်အဖြစ် မြန်မာအနုပညာရှင်များ ယူနီယမ်အသင်းမှ မြန်မာနိုင်ငံ မူလတန်းကျောင်းသားကျောင်းသူများအား တရုတ်မြန်မာအကြောင်းခံစားမှု ပုံရိပ်ပန်းချီပြိုင်ပွဲကိုကျင်းပခဲ့ပြီး အကောင်းဆုံးပန်းချီ(၁၀၀)ကိုရွေးချယ်ခဲ့သည်။ သံမှူးယွီပြန်ကျန်းနှင့် တရုတ်မြန်မာဧည့်သည်တော်များက ဆုရရှိသော ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုလွှာများကိုချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့ပြင်ဆုရရှိသော ကျောင်းသားကျောင်းသူများသည် တရုတ်နိုင်ငံသို့သွားရောက်ကြပြီး နွေရာသီစခန်းလှုပ်ရှားမှုကို တက်ရောက်ကြဦးမည်ဖြစ်သည်။ တရုတ်နိုင်ငံကျောင်းသားကျောင်းသူများနှင့်အတူတကွ ပျော်ပွဲရွှင်ပွဲများတက်ရောက်ကြမည်ဖြစ်သည်။




“နိုင်ငံခြားသားယူနန်တွင်ရောက်ရှိခြင်း”

# တရုတ်နိုင်ငံမှာသာ ဒီလောက်ကောင်းမွန်တဲ့ ဆေးကုသခွင့်ကိုရရှိ

ဇွန်လ(၂၂)ရက်နေ့နံနက်ပိုင်းတွင် ၂၀၁၇ခုနှစ် ဖွံ့ဖြိုးဆဲနိုင်ငံဘဏ္ဍာရေးဝန်ဆောင်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမွမ်းမံသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားတွင် အသက်(၃၃)နှစ်ရှိသော စူဒန်နိုင်ငံသား အိုက်ဟိုက်မိုက်တယ်ရရှင်က ပျက်ကွက်ခဲ့ပါသည်။ ထိုအချိန်တွင်သူသည် ယူနန်ပြည်နယ်အမှတ်(၂)ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ပိုတက်စီယမ်ဓာတ်ဖြည့်စွက်ကုသခြင်းကိုခံယူနေပါသည်။ ထိုနေ့ညနေခင်းပိုင်းတွင် ဆေးရုံဆင်းရန်ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယနေ့မှာ လေယာဉ်ဖြင့်မိမိဇာတိနိုင်ငံသို့ပြန်သွားခဲ့သည်။ ထိုအချိန်တွင် သူသည် ဆရာဝန်နှင့်အေးဆေးစွာစကားပြောနိုင်ခဲ့သည်။ ဆေးရုံဝန်ထမ်းများနှင့် အဘက်ဘက်မှသူ့ကိုကူညီပေးသူများကို ကျေးဇူးတင်နေပါသည်။ “တရုတ်နိုင်ငံမှာသာ ဒီလောက်ကောင်းမွန်တဲ့ဆေးကုသခွင့်ကိုရရှိခဲ့တယ်”ဟု ရရှင်ကအထပ်ထပ်အခါခါပြောခဲ့သည်။



သို့သော် လွန်ခဲ့သော(၄)ရက်က ရရှင်သည် ရောဂါအလေးသုံးဆယ်ဖြစ်သော အရေးပေါ်လူနာဖြစ်သည် ဟု သတ်မှတ်ခံခဲ့ရသည်။

ဇွန်လ(၁၈)ရက်နေ့ညနေ(၅)နာရီတွင် ယူနန်အပြည်ပြည်ဆိုင်ရာ စီးပွားရေးနည်းပညာဖလှယ်ရေးစင်တာတွင် ပညာလေ့လာသောရရှင်သည် သင်တန်းတာဝန်ခံဆရာထံသို့ ကျန်းမာရေးမကောင်းကြောင်းသတင်းပို့သည်။ သင်တန်းတာဝန်ခံဆရာက ကျောင်းသားအဆောင်သို့ချက်ချင်းရောက်လာပြီး သူ၏ကျန်းမာရေးအခြေအနေကို ကြည့်ရှုပေးပါသည်။ သူသည် ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်း၊ အသက်ရှူကြပ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းစသည့် ရောဂါလက္ခဏာများကိုတွေ့ခဲ့ရသည်။ ထိုအခါရရှင်ကသူသည် ဆီးချိုရောဂါသည် တစ်ဦးဖြစ်ကြောင်း၊ ကိုယ်နှင့်မကွာ သယ်ဆောင်လာသော အင်ဆူလင်သည်ဇွန်လ(၁၄)ရက်နေ့တွင် ကွမ်ကျုံမြို့၊ စိန်ကျိမ်မြို့သို့သွားရောက်သည့်လမ်းခရီးတွင်ပျောက်ဆုံးခဲ့ကြောင်း၊ သူသည် ဆီးချိုရောဂါထိန်းပေးနိုင်သော အင်ဆူလင်ထိုးဆေးမထိုးရသည်မှာ(၃)ရက်ကြာရှိပြီဖြစ်ကြောင်း သင်တန်းတာဝန်ခံဆရာအား ပြောကြားသည်။

ဆေးရုံသို့ရောက်သည့်အခါတွင် ရရှင်၏သွေးအတွင်း အချိုဓာတ်သည် အလွန်မြင့်လွန်းသောကြောင့်ကိန်းဂဏန်းကိုပင် တိုင်းမထွက်ပါ။ ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပြီးသည့်အခါတွင် သူ့မှာဆီးချိုရောဂါ၏ နောက်ဆက်တွဲရောဂါလက္ခဏာဖြစ်သော ကီတိုအက်စီတိုးစစ်ဖြစ်နေကြောင်း၊ ရောဂါအလေးသုံးဆယ်ဖြစ်ကြောင်း၊ သေဆုံးမှုနှုန်းမှာ (၄၀%-၈၀%)ရှိကြောင်း၊ စသည်ဖြင့် ရရှင်၏ကျန်းမာရေးအခြေအနေကို သိရှိပြီးနောက် ယူနန်အပြည်ပြည်ဆိုင်ရာစီးပွားရေးနည်းပညာဖလှယ်ရေးစင်တာကို တိုက်ရိုက်အုပ်ချုပ်သောဌာန ယူနန်ပြည်နယ်ကုန်သွယ်ရေးဦးစီးဌာနနှင့် ယူနန်ပြည်နယ်ကျန်းမာရေးနှင့် မွေးဖွားမှုထိန်းချုပ်ရေးကော်မတီ၊ ဆေးရုံမှဌာနများသည် အရေးပေါ်စနစ်ကို စတင်ခဲ့ပါသည်။ အစိမ်းရောင်လမ်းကြောင်းကို ဖွင့်လှစ်ပေးခဲ့ပြီး လူနာကိုအစွမ်းကုန်ကယ်တင်ကုသသည်။ တချိန်ထဲတွင်အာရပ်ဘာသာစကားပြန်လည်း အချိန်မီဆေးရုံသို့ရောက်ရှိလာပြီး ဆက်ဆံမှုများ ဘာသာပြန်ပေးကာ ဆေးရုံဘက်မှကုသမှုနည်းလမ်းများ ချမှတ်ပေးနိုင်ရန် အကူအညီပေးခဲ့သည်။

ယူနန်ပြည်နယ်အမှတ်(၂)ပြည်သူ့ဆေးရုံ ဒုဆေးရုံအုပ်ကြီးတိန်ရိစူက ထိုကဲ့သို့မိတ်ဆက်သည်။ ဆေးရုံတွင် အရေးပေါ်ဌာန၊ အင်တိုခရိုင်းဌာနနှင့် ICU အထူးကုသစောင့်ကြပ်ဆောင်ဌာနတို့သည် အထူးပညာရှင်များအဖွဲ့ဖွဲ့ကာ လူနာရောဂါလက္ခဏာ စစ်ဆေးအကဲဖြတ်ခြင်း နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး ဆေးကုသမှုနည်းလမ်းများကို အချိန်မီချမှတ်ပေးခဲ့သည်။ ထို့အတူ ယူနန်ပြည်နယ်က နိုင်ငံခြားမှ တရုတ်ပြည်သို့ သင်တန်းလာတက်ရောက်အရာရှိများအပေါ် အထူးဂရုစိုက်သောကြောင့် ရရှင်အား အထူးစောင့်ကြပ်ကုသပေးရန်အတွက် ICU အထူးသုသစောင့်ကြပ်ဆောင်ဌာန ကွမ်းကျင်ဆေးကုသမှုဝန်ထမ်းများက သူ့ကို (၂၄)နာရီ စောင့်ကြပ်ကုသပေးသည်။ ယူနန်တာဝန်ရှိသူများသည် ဆေးရုံသို့လိုက်ပါလာသော စူဒန်နိုင်ငံသားနှစ်ဦးနှင့်လည်းဆက်ဆံပြီး ၎င်းတို့၏အကြံပြုချက်များနှင့် လိုအပ်ချက်များကိုမေးမြန်းခဲ့သည်။ အဆိုပါစူဒန်နိုင်ငံမှသင်တန်းသားနှစ်ဦးသည် ဆေးရုံမှကယ်ဆယ်ကုသမှုဖြစ်စဉ်နှင့် ယူနန်အပြည်ပြည်ဆိုင်ရာ စီးပွားရေးနည်းပညာဖလှယ်ရေးစင်တာ၏ ဆောင်ရွက်ချက်များကို မြင်တွေ့ခဲ့သည်။ သူတို့မိတ်ဆွေ၏ကျန်းမာရေးအခြေအနေသည် လျင်မြန်စွာကောင်းမွန်လာသည်ကို မြင်တွေ့သည့်အခါတွင် “တရုတ်နိုင်ငံသည် အလွန်အလေးထားပြီး လိုအပ်သည်များကို အချိန်မီဆောင်ရွက်ပေးသည်။ ရရှင်ကို အချိန်မီ ကုသကယ်ဆယ်ပေးခဲ့သည့်အတွက် တရုတ်နိုင်ငံအစိုးရကိုကျွန်တော်တို့အလွန်ကျေးဇူးတင်ပါသည်။”ဟု ချီးမွမ်းခဲ့ကြပါသည်။

ဇွန်လ(၁၉)ရက်နေ့(၉)နာရီတွင် ရရှင်၏ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသည်။ အာရုံကြည်လင်လာသည်။ သာမန်ဆေးကုသမှုအဆောင်သို့ပြောင်းသွားပြီး လူနာစောင့်ဖြင့် ကြပ်မတ်စေသည်။

ဇွန်လ(၂၂)ရက်နေ့တွင် သတင်းထောက်သည် ရရှင်ကိုထပ်မံမြင်တွေ့သည့်အခါတွင် ဆေးကုသဆောင်အခန်းထဲတွင် လတ်ဆတ်သောပန်းနှစ်စည်းထားသည်ကိုတွေ့ရသည်။ ရရှင်ကလက်ကိုင်ဟန်းဖုန်းကိုကြည့်နေသည်။ တခဏကြာသောအခါတွင် ဆရာဝန်က လူနာများကိုလှည့်လည်ကြည့်ရှုသည့်အခါတွင် ဆီးချိုရောဂါ ကုသမှုနည်းလမ်းအသစ်နှင့်သတိပြုချက်များကို ထပ်မံမှာကြားလိုက်ပြီး သူ့နိုင်ငံသို့ပြန်သည့်အခါလမ်းခရီးတွင်အသုံးပြုရမည့် အင်ဆူလင်ကိုလည်းလုံလောက်စွာ ပြင်ဆင်ထားပြီးဖြစ်ကြောင်း စိတ်ချလက်ချအိမ်ပြန်နိုင်ပြီဖြစ်ကြောင်းပြောကြားသည်။ ရရှင်သည် သူ၏မပြေပြစ်သော အင်္ဂလိပ်ဘာသာစကားဖြင့် ကျေးဇူးတင်စကားများကို အဆက်မပျက်ပြောကြားနေသည်။ “၎င်းမှာ သူခံယူဖူးသောအကောင်းဆုံးဆေးကုသမှုဖြစ်သည်”ဟု သူကပြောပြသည်။

သတင်းထောက် လောယုံချမ်